# ကောင်းသန့်

# ဘဝကို တစ်ကပြန်စကြရအောင်

စာဖတ်သူများနှင့် ဆွေးနွေးခန်း



# ဘဝကို တစ်ကပြန်စကြရအောင်၏ နိဒါန်းစကား

ကျွန်တော်သည် လူငယ်များ အတွက် အခမဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်လုပ်ပေးနေပါသည် ။

အင်္ဂလိပ်လို ဘာသာပြန်လျှင် Consultant ဟု ခေါ်သည် ။

သူတို့ နိုင်ငံတွင် Consultant Fee က ဈေးကြီးသည် ။ ပြောသမျှ နားထောင်ပြီး အကြံဉာဏ်ပေးလျှင် ဒေါ်လာအများကြီးပေးရသည် ။

သည် မှာ တော့ စီးပွားရေးလုပ်ငန်းတွေမှာ သာ Consultant ခန့်ထားသော်လည်း လူမှုရေးပြဿနာများကိုတော့ အတိုင်ပင်ခံပုဂ္ဂိုလ်လိုသည် ဟု မထင်ပါ။

စိတ်ထဲမွန်းကျပ်သည် ထင်လျှင် ဗေဒင်ဆရာဆီသွားလိုက်ရုံပါပဲ။ ဗေဒင်ဆရာဆီက မျှော်လင့်ခြင်းတွေကို ငွေပေးဝယ်ပြီး စိတ်သက်သာရာရှာလိုက်ကြသည် ။

တကယ်တော့ သည် နေ့ခေတ်တွင် လူငယ် ၂၀% ကျော်ကျော်သည် စိတ်ဖိစီးမှုဒဏ်ခံနေကြရသည် ။

အလုပ်ကြောင့် ၊ စာမေးပွဲကြောင့် ၊ မိဘနှစ်ပါးအဆင်မပြေမှုကြောင့် ၊ စားဝတ်နေရေး ခက်ခဲမှုကြောင့် လူမှုရေး၊ စီးပွားရေး ပြဿနာများ ဖြင့် စိတ်ဓာတ်ကျရောဂါကို မသိမသာ ခံစားနေကြရသည် ။

သူတို့ အတွက် Consultant ကောင်းကောင်း လိုသည် ။

သူတို့ ပြောသမျှ စိတ်ရှည်လက်ရှည် နားထောင်ပေးပြီး သူတို့ နဲ့ ကိုက်ညီမည့် အကြံဉာဏ်ကောင်းပေးနိုင်သူမျိုး ရှိသင့် သည် ။

ဘဝမှာ စဉ်းစားတွေဝေ၊ ရွေးချယ်ဆုံးဖြတ်ရန် ခက်ခဲသော ကိစ္စတွေနှင့် လူတိုင်းလိုလို ကြုံတတ်ကြသည် ။

သူတို့ လည်း ဘာလုပ်ရမှန်းမသိသော အခြေအနေမျိုးနှင့် ကြုံတတ်ကြသည် ။

ထိုအခါတွင် မေတ္တာစိတ်ထားပြီး ကောင်းမွန်သော အကြံဉာဏ်မျိုး ပေးနိုင်သူမျိုး သူတို့ တွေ့ချင်မှာ သေချာသည် ။

ကျွန်တော်သည် သူတို့ တွေ့ချင်သော သူမျိုးအဖြစ် အခမဲ့ အကြံဉာဏ်ပေး၊ ကူညီအားပေးရန် ကိုယ့်ကိုယ်ကိုယ် တာဝန်ပေးခန့်အပ်လိုက်ပါသည် ။

လူကိုယ်တိုင် လာတွေ့၍ ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေ ဆက်သွယ်ဆွေးနွေးတိုင်ပင် အကြံတောင်းနိုင်ခွင့် ပေးထားပါသည် ။

နေ့စဉ် ညနေ (၅) နာရီဝန်းကျင်တွင် ဖုန်း ၀၁၃၈၃၄၂၃ သို့ ဆက်သွယ်မေးမြန်း ဆွေးနွေးနိုင်ပါသည် ။

လူကိုယ်တိုင်လာရောက်ပါက ကောင်းသန့်စာပေ၊ အမှတ်-၂၀၉(ပ-ထပ်)၊ ၃၈-လမ်းသို့ ရုံးချိန်အတွင်း လာရောက်တွေ့ဆုံနိုင်ပါသည် ။

အားလျှင် အားသလို အချိန်ပေး၊ ဆွေးနွေးအကြံဉာဏ်ပေးပါသည် ။

ယခု ‘ဘဝကို တစ်ကပြန်စကြရအောင်’ စာအုပ်သည် စာဖတ်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများမှ ထွက်ပေါ်လာသော ရလဒ်တစ်ခုဖြစ်ပါသ

ည်။

ကိုယ်တိုင်မလာရောက်၊ မဆက်သွယ်နိုင်သော်လည်း သူများ ပြသနာ အခက်အခဲများကို ဖတ်ရှုခံစားရင်း သင်ခန်းစာယူနိုင်ပါစေဟူသော စေတနာဖြင့် ဤစာအုပ်ကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဤစာအုပ်ဖတ်၍ အသိတစ်ခု လင်းလက်သွားစေမည်ဆိုလျှင် ဤစာအုပ်ကို ရေးသားထုတ်ဝေရကျိုးနပ်သည် ဟု ဆိုချင်ပါတော့သည်။

**ချစ်ခင်လျက်**
**ကောင်းသန့်**
**၂၆၊ ၁၊ ၂၀၁၇**

## ကိုယ့်အသည်းကိုယ်ပြန်ခွဲရတဲ့ ဝေဒနာ

ဆရာကောင်းသန့်လားရှင့်။

**ဟုတ်ကဲ့ပါ။**

သမီးနာမည် စိုးစိုးပါ။ ဆရာ့ စာဖတ်ပရိသတ်ပါ။

မြောက်ဒဂုံမှာ နေပါတယ်ဆရာ။

**သိကျွမ်းရတာ ဝမ်းသာပါတယ်။**

သမီး ဆရာ့ဆီကအကြံဉာဏ်တောင်းချင်လို့ ပါ။

**ရပါတယ်။ သမီးပြောချင်တာပြောလေ။**

သမီးအရမ်းခံစားနေရတယ်ဆရာ။

**ဘုရားရေ ... ဘာဖြစ်လို့ တုံး။**

သမီးမှာ ငယ်ငယ်ကတည်းက ချစ်ခဲ့ရတဲ့ ချစ်သူရှိတယ်ဆရာ။

သူက  စစ်အင်ဂျင်နီယာသင်တန်း သွားတက်တယ်။ သမီးက

GTC တက်တယ်။ အခုတော့ နှစ်ယောက်စလုံး ဘွဲ့ရအလုပ်ရနေကြပြီ ဆရာ။

**ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ပြီပဲ။**

မိသားစုဘဝကို တည်ဆောက်လို့ ရပြီပေါ့။

မရဘူးဆရာ။ အိမ်ကသဘောမကျဘူး။

**ဟ အဆန်းပါလား၊ ဟိုက စစ်အင်ဂျင်နီယာလေ။**

**မိန်းကလေးရှင် အတော်များများက သဘောကျမှာ ပေါ့။**

အဲဒီအထဲမှာ သမီးမိဘတွေ မပါဘူးဆရာ။

**ဘာဖြစ်လို့ လဲသမီးရယ်။**

သမီးမိဘတွေက နိုင်ငံရေးစိတ် ပြင်းထန်တယ်။

အစ်ကိုတစ်ယောက်ကလည်း နိုင်ငံရေးလုပ်လို့ ထောင်ကျနေတယ်။ သမီးလည်း အဖေ့သွေးပါတယ်။

အိမ်ထောင်ဖက်အဖြစ် စိတ်ကူးကြည့်လို့ မရဘူးဆရာ။

**ဟာ ဒုက္ခပါပဲ။ သမီးတို့ ဟာ စနစ်ဆိုးတစ်ခုရဲ့ မြေစာပင်သားကောင် ဖြစ်နေပါပေါ့လား။**

အစကတည်းက မဖြစ်နိုင်ဘူးဆိုပြီး သူ့ကို အဆက်ဖြတ်လိုက်တယ် ဆရာ ဒါပေမဲ့…

**ဒါပေမဲ့ ဘာဖြစ်လဲသမီး။ ဆက်ပြောပါဦး။**

သူက အရမ်းခံစားရပြီး ပြန်ဆက်သွယ်လာတယ်ဆရာ။

သမီးနှလုံးသားကလည်း မမာတော့ ပြန်လက်ခံမိတာပေါ့။

အဖေတို့ အစ်ကိုတို့ သိရင် သမီး ဘာပြန်ပြောရမှန်း မသိဘူး။

အဖေဖုန်းဆက်ရင်တောင် ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသလို

ခံစားရပြီး မပျော်မရွှင်ဖြစ်မိတယ်ဆရာ။

**ဩော် … သမီးရယ်။**

ဒါကြောင့် မနေ့ကပဲ သမီး သူ့ကိုအဆက်ဖြတ်ပစ်လိုက်တယ်။

မဖြစ်နိုင်တာကြီးကို ဆက်မလုပ်တာဘဲ ကောင်းမယ်လို့ ယူဆပြီး သမီးလုပ်မိလိုက်တယ်။

**လုပ်ပြီးပြီပဲ ပြီးရောပေါ့။**

မပြီးဘူးဆရာ။ သမီးနှလုံးသားက နာကျင်နေတယ်။

အရမ်းခံစားနေရတယ်။ သူ့ဆီက ဖုန်းလာရင် မကိုင်မိအောင်အတင်းကြိုးစားနေရတယ်။ မလုပ်ချင်တဲ့ အလုပ်ကိုလုပ်ရလို့ စိတ်အရမ်းပင်ပန်းနေတယ်ဆရာ။ သမီးကို ဖြေသိမ့်စကားပြောပြီး အားပေးပါဦး။

**သမီး သူ့ကိုအရမ်းချစ်လား။**

ငယ်သူငယ်ချင်းဆိုတော့ အရမ်းချစ်တယ်ဆရာ။

**သူနဲ့ ဘဝတစ်ခု မတည်ဆောက်ချင်ဘူးလား။**

တည်ဆောက်ချင်တာပေါ့ ဆရာ။ ဒါပေမဲ့ သမီး မကြိုက်တဲ့ လူနေမှု ပုံစံထဲရောက်နေလေတော့ အဲဒီထဲမှာ မနေချင်ဘူး။ နေရင်လည်း ပျော်နိုင်မှာ မဟုတ်ဘူး လို့ သမီးသိနေတယ်။

**သမီးချစ်သူနဲ့ ဒီအကြောင်းကို ဆွေးနွေးကြည့်သေးလား။**

ဆွေးနွေးကြည့်တယ်ဆရာ။ ဒါပေမဲ့ သူ့အလုပ်က ထွက်လို့ မရဘူး။ သမီးကလည်း သူ့အလုပ်ထဲ လိုက်မနေနိုင်ဘူး။

**တစ်ယောက်တစ်နေရာစီ နေနေရတဲ့ မိသားစုတွေအများကြီး ရှိတာပဲမဟုတ်လား။**

ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ သမီးမိသားစုကလက်မခံဘူး။

**ဒီလိုစဉ်းစားလို့ မရရင် နောက်တစ်မျိုး စဉ်းစားကြည့် ရအောင်။**

ပြောပါဦးဆရာ။ သမီးစိတ်ဝင်စားတယ်။

**အချစ်က အချစ်သတ်သတ်၊ ဘဝက ဘဝသတ်သတ် ခွဲခြားစဉ်းစားကြည့်ရအောင်။**

ဘယ်လိုလဲဆရာ။

**လက်ထပ်ဖို့ စိတ်ကူးတဲ့ ချစ်သူတွေအဖြစ်ပေါ့ကွယ်။ သမီးချစ်သူကို လက်မထပ်ဘဲ နေနိုင်ပေမယ့် မချစ်ဘဲမနေနိုင်ရင်တော့ ဒီနည်းကို ရွေးရမှာ ပဲ။**

အဲဒီလိုရွေးလိုက်ရင် သမီးအဖေတို့ အမေတို့ နဲ့ တယ်လီဖုန်းပြောတဲ့အခါ ပြစ်မှုကျူးလွန်ထားတဲ့ သူလို သမီးစိတ်ထဲမှာ ခံစားရပြီး မပျော်ဘူးဆရာ။ လိပ်ပြာ မသန့်ဘူး။

**အဲဒီတော့ ဆုံးဖြတ်ပြီးသားအတိုင်းပဲထားပြီး ကိုယ့်ရဲ့ အသည်းကိုယ်ခွဲတဲ့ ဝေဒနာကို အချိန်ဆိုတဲ့ သမားတော်ကြီးနဲ့ ကုပေါ့။**

အဲဒါသမီးရဲ့ ကံကြမ္မာပဲလားဆရာ။

*****

## ကိုယ့်ဘဝကို ထိခိုက်အောင်လုပ်တဲ့ သူ ချစ်သူလို့ ခေါ်မလား

ဆရာကောင်းသန့်နဲ့ စကားပြောချင်လို့ ပါ။

**ဟုတ်ကဲ့၊ ခဏကိုင်ထားပါနော်။**

ဟယ်လို၊ ဆရာကောင်းသန့်လား။

**ဟုတ်ပါတယ်။**

သမီးက ဆရာ့စာဖတ်ပရိသတ်ပါ။ သမီး စိတ်ဓာတ်တွေအကြီးအကျယ်ကျနေလို့ ဆရာနဲ့ စကားပြောချင်လို့ ပါ။

**ပြောပါသမီးရယ်။ သမီးပြောချင်တာပြောနိုင်ပါတယ်။**

သမီး အရမ်းစိတ်ညစ်နေတယ်ဆရာ။ ဘာလုပ်ရမှန်းမသိလို့ ဆရာ့ဆီက အကြံဉာဏ်တောင်းချင်တာပါ။

**သမီးဘယ်သူဘယ်ဝါ၊ ဘယ်နေရာက ဆက်တယ်ဆိုတာလေးတော့ အရင်ပြောဦးလေ။ မဟုတ်ရင် ဆရာက ဘယ်ကမှန်းမသိတဲ့ မအတ္တနဲ့ စကားပြောနေရသလို ဖြစ်နေမှာ ပေါ့။**

သမီးက မိတ္ထီလာကပါ။ မြို့ပေါ်ကတော့မဟုတ်ပါဘူး။ဘွဲ့ရပြီး စတိုးဆိုင်ဖွင့်၊ ဈေးရောင်းနေပါတယ်။

**စားဝတ်နေရေး အဆင်ပြေမယ့်ပုံပဲ၊ ဒါဆို အချစ်ရေးကြောင့် စိတ်ညစ်နေတယ်ထင်တယ်။**

မှန်လိုက်တာဆရာရယ်။

**ဒါဆို စိတ်ညစ်စရာလေးတွေပြောပါဦး။**

သမီးမှာ ချစ်သူရှိတယ်ဆရာ။

**အေးလေ၊ ဘွဲ့ရပြီး အလုပ်လုပ်နေပြီဆိုတော့ ချစ်သူရှိတာ ဘာဆန်းလဲ။**

အဲဒီချစ်သူက ရုပ်ဖြောင့် တယ်ဆရာ။ ဝတ်စားတာလည်း စတိုင်လ်ကျတယ်။ အဲဒီတော့ သမီးချစ်မိတာပေါ့။ ချစ်ပြီးမကြာပါဘူး(၆)လလောက်မှာ သူ့မှာ စေ့စပ်ထားတဲ့ သူရှိသတဲ့ ။ ဒါပေမဲ့ သမီးကို ပိုချစ်တယ်တဲ့ ။

**ယုံလိုက်တာပဲလား။**

ချစ်တော့လည်း ယုံမိတာပေါ့။ တစ်နေ့နေ့ ခွဲရမယ်ဆိုတဲ့ အသိနဲ့ ရင်မချိအောင်ခံစားရတယ်ဆရာ။

**ဒီလောက်တောင်ပဲလား။**

ဟုတ်တယ်ဆရာ။ သမီး သူနဲ့ မခွဲနိုင်တော့ဘူး ဖြစ်နေတယ်။

**ကာလတိုအတောအတွင်းမှာ ဘာဖြစ်လို့ သည် လောက် စွဲလမ်းသွားရတာလဲကွယ်။**

နားနဲ့ မနာ ဖဝါးနဲ့ နာပါဆရာ။ ချစ်သူများ နေ့မှာ သမီးတို့ အချစ်ကျွံသွားမိကြတယ်။

**တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်မှ တော့ ယူလိုက်ကြတော့ပေါ့ ။**

ယူဖို့ ပြောတော့ သူမကြာခင် မင်္ဂလာဆောင်ရတော့မယ်တဲ့ ဆရာ။

နှစ်ဖက်မိဘက သူတို့ မင်္ဂလာကိစ္စ စီစဉ်ပြီးကြပြီတဲ့ ။ ဒါပေမဲ့ သမီးကို လည်း ချစ်တယ်တဲ့ ။

**ရော ... ခက်ပြီ၊ သမီးဇာတ်လိုက်ကတော့ လေ့နံ့နှစ်ဖက်နင်းပြီး ခွချက်လုပ်နေပြီ။ သမီးကိုမယူနိုင်မှ တော့ သည့် လိုမျိုးစွဲလမ်းအောင် မလုပ်သင့်ဘူး။ ကိုယ့်အပေါ်မှာ သစ္စာမရှိမှ တော့ ခုံဖိနပ်တစ်ဖက်လို သဘောထားပြီး စွန့်ပစ်လိုက်ပါလားကွယ်။ ဘဝကို တစ်ကပြန်စရင် နောက်မကျသေးပါဘူး။**

သမီး သူ့ကိုစိတ်နာလို့ မရဘူးဆရာ။ သူနဲ့ မခွဲနိုင်တာပဲသိတယ်။ သူ့ကို သမီးသိပ်ချစ်တယ်။

**အဲဒါမှ ဒုက္ခ။ သူက ကိုယ့်ကိုချစ်တယ်ပြောပြီး နောက်တစ်ယောက် ယူတော့မှာ ကို၊ ကိုယ်က စိတ်မနာ၊ ဒေါသမဖြစ်၊ အချစ်သည်းနေတုန်းပဲလား သမီးရယ်။**

သမီးမေ့လို့ မရဘူး၊ မုန်းလို့ လည်း မရဘူး၊ အချိန်တိုင်း သူ့ကိုပဲ သတိရနေတယ်။ သူနဲ့ အတူတူနေချင်တယ်။ အဲဒါ သမီးဘာလုပ်ရမလဲ ဆရာ။ အကြံပေးပါဦး။

**ကိုယ့်ကိုချစ်တယ်ပြောပြီး တခြားကောင်မလေးကို လက်ထပ် တော့မယ့်သူကို သမီးကဘာလုပ်ချင်သေးလို့ တုံး။ ကိုရီးယားကားထဲကလို ချိန်းတွေ့ပြီး ပြန်မလွှတ်ဘဲ ပြန်ပေးဆွဲထားချင်လို့ လား။**

အဲဒီလိုအကြမ်းဖက်ယူချင်စိတ်မျိုး မရှိပါဘူး။ ကြည်ကြည်ဖြူဖြူနဲ့ အတူနေချင်တာပါ။

**သူက တခြားသူနဲ့ လက်ထပ်ယူတော့မှာ လေ။**

သမီး အဲဒါတွေသိလို့ သေချင်တယ်ဆရာ။ ဘာလုပ်ရမှန်းမသိတော့

ဘူး။ သမီးကို တစ်ခုခုတော့ ပြောပေးပါဦးဆရာရယ်။

**အသက်ဝဝရှူပြီး ခေါင်းအေးအေးထားစဉ်းစားပါဦး။ ပြီးတော့ ဆရာမေးတာတွေဖြေကြည့်။ သမီး သူ့ကိုဘယ်လောက်ချစ်သလဲ။**

အရမ်းချစ်တယ် အသက်လောက်ချစ်တယ်။

**သမီးအပြင် နောက်တစ်ယောက်နဲ့ လက်ထပ်ဖို့ လုပ်တာကို ဘာလို့ဒေါသမဖြစ်တာလဲ။ သတ်ပစ်ချင်စိတ် မပေါက်ဘူးလား။**

ဟင့်အင်း၊ သူ့ကို စိတ်မညစ်စေချင်ဘူး။ သူပျော်ရင် ပျော်တာပဲ။မိဘသဘောတူတဲ့ သူနဲ့ လက်ထပ်ပြီးလည်း သမီးကိုချစ်နေရင် ကျေနပ်ပြီ ။ မြင်နေတွေ့နေရရင် ကျေနပ်တယ်။

**အဲဒီအခါ သူ့မိန်းမက မကျေနပ်လို့ ပေါက်ကွဲပြီး ပြဿနာရှာရင် ဘယ်လိုလုပ်မလဲ။ သမီး အိမ်လိုက် လာပြီး လင်ခိုးမ။ ငါ့လင်ကို ကြောင်တောင်နှိုက်တဲ့ မိန်းမဆိုပြီး အော်ကြီးဟစ်ကျယ်နဲ့ လာရန်တွေ့ရင် သမီး ဘယ်မျက်နှာနဲ့ ရင်ဆိုင်မလဲ။ သမီးမိဘဆွေမျိုးတွေရဲ့ ဂုဏ်သိက္ခာဟာ သမီးကြောင့် အဖတ်ဆယ်မရ အောင်ဖြစ်သွားရင် သမီး ဘယ်လိုလျော်ကြေးပြန်ပေးမလဲ။ ဒီနည်းနဲ့ ငါတို့ကို မွေးကျေးဖူးဆပ်တာလားလို့ ဝမ်းနည်းပက်လက်နဲ့ အဖေကပြောရင် သမီး ဘယ်လိုစကားလုံးတွေနဲ့ ပြန်တုံ့ပြန်မလဲ။ အသေအချာ စဉ်းစားကြည့်ပါဦး သမီးရယ်။**

ဒီလို တကယ်ဖြစ်နိုင်သလားဆရာ။

**လူ့လောကမှာ ဒီလိုအဖြစ်အပျက်တွေအများကြီးပါပဲ သမီးရယ်။ ပြီးတော့ သမီးမှာ ကိုယ်ပိုင်စီးပွားရှိတယ်။ ခေတ်ပညာတတ် ဖြစ်တယ်။ မိဘ အသိုင်းအဝိုင်းရှိတယ်။ တစ်နေ့နေ့မှာ ကိုယ့်ထက် သာတဲ့**

သူ ရွေးယူသွားတဲ့ ဘဲနာထက် ယောက်ျားပီသပြီး တာဝန်ယူနိုင်တဲ့ လူတော်လူကောင်းနဲ့ တွေ့ရင် သမီးငိုထားတဲ့ မျက်ရည်တွေ အလကားဖြစ်သွားမှာ ပေါ့။

သမီး မစဉ်းစားတတ်တော့ဘူးဆရာ။

သမီး မစဉ်းစားတတ်လို့ ဆရာစဉ်းစားပေးနေတာလေ။ ဆရာ့စကား အလေးအနက်ထား နားထောင်၊ ဆရာ့စေတနာနားလည်ပြီး ပြောတဲ့ အတိုင်းလုပ်၊ သမီးအကျိုးမယုတ်ပါဘူးကွယ်။

ဒါဆို သမီးဘာလုပ်ရမလဲ။

မိန်းမယူတော့မယ့်ကောင်ကို လှည့်မကြည့်တော့နဲ့ အဆက်ဖြတ်လိုက်၊ငိုချင်ရင် လူမသိအောင်ငို၊ လွမ်းချင်ရင် တိတ်တိတ်လေး ကြိတ်လွမ်း၊အသည်းကွဲဝေဒနာကို အချိန်ဆိုတဲ့ သမားတော်ကြီးနဲ့ အမြန်ဆုံး ကုသလိုက် ဒါပဲ။

ဟင်း (သက်ပြင်းချသံ)

ခိုင်းတဲ့ အတိုင်း လုပ်မှာ လား။ ပြောစကား နားမထောင်ရင် နောက်ထပ် ဖုန်းမဆက်နဲ့ ။ သမီး သဘောအတိုင်း ကြိုက်တာလုပ်။

သမီးကို ပစ်မထားပါနဲ့ ၊ ဆရာက သမီးရဲ့ ဒုတိယ ဖေဖေပါ။အဖေအရင်းကို မပြောရဲ မတိုင်ပင်ရဲတာတွေ ဆရာကလွဲပြီးအားကိုးတိုင်ပင်စရာ မရှိပါဘူး။

ဒါဆို ယနေ့ကစပြီး မိဘတွေ ဂုဏ်သိက္ခာထိခိုက်အောင် စိတ်အလိုလိုက် မမိုက်တော့ပါဘူးလို့ ကတိပေးနော်။

ဟုတ်ကဲ့ပါဆရာ။ သမီး အတတ်နိုင်ဆုံးကြိုးစားပါ့မယ်။

*****